ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမားဝန်ကြီးဌာန

**လူမှုဖူလုံရေးအဖွဲ့**

**တင်ဒါအမှတ်စဉ်- Lot (4) – SSB Call Center ဆောင်ရွက်နိုင်ရန် တင်ဒါတင်သွင်းလွှာနှင့် လုပ်ငန်းလက်ခံဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ**

**တင်ဒါတင်သွင်းခြင်း**

၁။ တင်ဒါကို ဥက္ကဋ္ဌ၊ တင်ဒါအဆိုပြုလွှာလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အလုပ်သမားဝန်ကြီးဌာန၊ နေပြည်တော်သို့လိပ်မူ၍ **တင်ဒါတင်သွင်းလွှာ မူရင်း (၁) စုံ၊ မိတ္တူ (၃) စုံနှင့် Soft Copy DVD (၁) ချပ်** တို့ကို တင်သွင်းရပါမည်။ ယင်းတင်သွင်းလွှာများကို ကုမ္ပဏီ၏ ဥက္ကဋ္ဌ သို့မဟုတ် မန်နေးဂျင်းဒါရိုက်တာမှ လက်မှတ်ရေးထိုး၍ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်တင်သွင်းရမည်။

၂။ တင်ဒါတင်သွင်းလွှာများကို စာအိတ်ဖြင့်ထည့်၍ တင်သွင်းရာတွင် နည်းပညာဆိုင်ရာ အဆိုပြုလွှာနှင့် ဝန်ဆောင်မှုဆိုင်ရာ အဆိုပြုလွှာများကို စာအိတ်တစ်အိတ်တွင်ထည့်၍ သော်လည်းကောင်း၊ ငွေကြေးဆိုင်ရာအဆိုပြုလွှာကို သီးခြားစာအိတ်တစ်အိတ်တွင်ထည့်၍ သော်လည်းကောင်း ချိပ်ပိတ်၍ တင်ဒါတင်သွင်းရပါမည်။ ချိပ်ပိတ်ထားမှုမရှိခြင်း၊ ပေါက်ပြဲနေခြင်း၊ ရေစိုစုတ်ပြဲနေခြင်းနှင့် e-Mail မှတစ်ဆင့် ပေးပို့လာသည့် တင်ဒါအဆိုပြုလွှာများအား လုံးဝ (လုံးဝ) လက်ခံမည် မဟုတ်ပါ။

၃။ နည်းပညာဆိုင်ရာအဆိုပြုလွှာတွင် မိမိတင်သွင်းထားသော နည်းပညာပစ္စည်းများ၏ Product Boucher များ၊ ယင်းစက်ပစ္စည်းများ၏ တီထွင်ထုတ်လုပ်ထားသည့် ကုမ္ပဏီများ၏ Corporate Profile များ၊ Manufacture Authorization Letter များနှင့် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ၏ Company Profile များအား ပူးတွဲတင်ပြရမည်။ ထို့ပြင် ကုမ္ပဏီ၏ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော စီမံကိန်းများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် လုပ်ဆောင်နေသော နည်းပညာဆိုင်ရာ လုပ်ငန်းများ၏ စာရင်းများကိုလည်း ပူးတွဲဖော်ပြ တင်သွင်းရပါမည်။

၄။ တင်ဒါအဆိုပြုလွှာများကို **၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့၊ (၁၆း၃၀) နာရီ နောက်ဆုံးထား၍** လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော်သို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပေးသွင်းရန်နှင့် သတ်မှတ်အချိန်ကာလထက် ကျော်လွန်ပေးသွင်းသော တင်ဒါအဆိုပြုလွှာများအား လုံးဝ (လုံးဝ) ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ တင်ဒါတင်သွင်းရာတွင် တင်ဒါအာမခံကြေးကျပ် ၉၉၀,၀၀၀/-(ကျပ်ကိုးသိန်းကိုးသောင်းတိတိ) ပေးသွင်းထားသော Payment Order Cheque မူရင်းကို တစ်ပါတည်း ပူးတွဲတင်ပြရပါမည်။

၅။ တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါကော်မတီမှ စိစစ်သည့်ဈေးနှုန်းနှင့် လုပ်ငန်းအပေါ် အဆုံးအဖြတ်ပေးနိုင်သည့် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဋ္ဌ သို့မဟုတ် မန်နေးဂျင်းဒါရိုက်တာ ကိုယ်တိုင် တက်ရောက်ရမည်။

၆။ တင်ဒါအောင်မြင်သသည် မိမိရရှိသော လုပ်ငန်းကို ထပ်ဆင့်လွှဲပြောင်းပေးခြင်း မပြုရပါ။

တင်ဒါလာရောက်ယှဉ်ပြိုင်သူများသည် ပါတီနိုင်ငံရေး ကင်းရှင်းသူဖြစ်ရမည်။

၇။ ဈေးနှုန်းတင်သွင်းလွှာတွင်ပါရှိသည့် လုပ်ငန်းတစ်မျိုးချင်းစီ၏ ဈေးနှုန်းကို **မြန်မာကျပ်ငွေဖြင့်သာ** ဖော်ပြပေးသွင်းရပါမည်။

၈။ လုပ်ငန်းအပ်နှံဆောင်ရွက်ရန် ရွေးချယ်ခြင်းခံရသူ/ တင်ဒါအောင်မြင်သူသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အစစ်ဆေးခံအဖွဲ့အစည်းများအတွက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြုနိုင်ရမည်။

၉။ တင်ဒါစိစစ်ရွေးချယ်ရာတွင် နည်းပညာဆိုင်ရာ အဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာ အချက်အလက်များပေါ်မူတည်၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) တို့နှင့်အညီ **နည်းပညာရမှတ် (၅၀) မှတ်နှင့် ငွေကြေးရမှတ် (၅၀) မှတ်** သတ်မှတ်ပေးသွားမည်ဖြစ်ပြီး၊ အမှတ်ပေးရာတွင် နည်းပညာအရည်အသွေးနှင့် ဈေးနှုန်းအနည်းအများအလိုက် အမှတ်ပေးမှုအား ဆောင်ရွက်၍ နည်းပညာရမှတ်နှင့် ငွေကြေးရမှတ် နှစ်ခုပေါင်းပြီး စုစုပေါင်းရမှတ် အများအနည်းအရ အဆင့်သတ်မှတ် သွားမည်ဖြစ်ပါသည်။

၁၀။ တင်ဒါကော်မတီသည် မည်သည့်တင်ဒါတင်သွင်းလွှာကိုမဆို အကြောင်းတစ်စုံတစ်ရာ မဖော်ပြဘဲ ရွေးချယ်ခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း ပြုလုပ်နိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသော တင်ဒါတင်သွင်းလွှာအတွက် အကြောင်းပြန်ကြားမည် မဟုတ်ပါ။

၁၁။ တင်ဒါကော်မတီ၏ စိစစ်ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်များသာ အတည်ဖြစ်သည်။

၁၂။ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ပါဝင်ရမည့်ပစ္စည်းများ ပေးသွင်းသောအခါ တင်ဒါလမ်းညွှန် (TOR) တွင် ဖော်ပြထားသည့် (Specification, Manufacture Authorization Letter, Country of Origin, Catalogue) တို့နှင့်ကိုက်ညီမှု ရှိရပါမည်။ ကိုက်ညီမှုမရှိပါက ပစ္စည်းပေးသွင်းခြင်းကို လက်ခံခြင်းမပြုပါ။ ပစ္စည်းပေးသွင်းသူ၏ တာဝန်သာ ဖြစ်ပါသည်။

၁၃။ ပေးသွင်းသည့်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှု၊ ပစ္စည်းမှန်ကန်မှု၊ ပစ္စည်းအစစ်ဖြစ်ကြောင်း အာမခံအထောက်အထားများ ပါရှိရမည်။

**တင်ဒါအာမခံကြေး**

၁၄။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် ၉၉၀,၀၀၀/-(ကျပ်ကိုးသိန်းကိုးသောင်းတိတိ) ကို Payment Order Cheque ဖြင့် ငွေပေးသွင်းပြီးမှ ငွေသွင်းချလံမူရင်းဖြင့် တင်ဒါတင်သွင်းရမည်။ တင်ဒါအနိုင်ရရှိသည့် ကုမ္ပဏီအား ထုတ်ပြန်ကြေညာပြီးနောက် (၇) ရက် အတွင်းကျန် ကုမ္ပဏီများ၏ တင်ဒါအာမခံကြေးများကို ပြန်လည်ထုတ်ပေးသွားပါမည်။ တင်ဒါ အနိုင်ရရှိသည့် ကုမ္ပဏီအနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ရန် စာချုပ်ချုပ်ဆိုပြီး နောက်မှ တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

၁၅။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီသည် လုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အာမခံထုတ်ပေးနိုင်ကြောင်း အသိအမှတ်ပြုထုတ်ပြန်ထားသည့် ဘဏ်တစ်ခုခုတွင်

Social Security Board

လုပ်ငန်းတန်ဖိုး၏ ၁၀% (တစ်ဆယ်ရာခိုင်နှုန်း) နှင့်ညီမျှသော လုပ်ငန်းအာမခံကြေးကို ကျပ်ငွေဖြင့် ပေးသွင်းစေပြီး ရရှိလာမည့် လုပ်ငန်းအာမခံကြေး **(Performance Guarantee)** Payment Order Cheque မူရင်းအား စာချုပ်မချုပ်ဆိုမီ ပစ္စည်းဝယ်ယူသူထံသို့ ကြိုတင်ပေးသွင်းထားရမည်။ လုပ်ငန်းပြီးစီးချိန်တွင် လုပ်ငန်းအာမခံကြေး **(Performance Guarantee)** အား ပြန်လည်ထုတ်ပေးပါမည်။

၁၆။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအား လုပ်ငန်းစဉ်အလိုက် စာချုပ်ပါ သဘောတူညီချက်အရ ငွေပေးချေသည့် အချိန်တွင် ပေးချေရမည့်တန်ဘိုး မှ Withholding Tax ၂% (နှစ်ရာခိုင်နှုန်း) ကို ဖြတ်တောက်၍ ပေးချေသွားမည်ဖြစ်ပါသည်။

၁၇။ ဈေးနှုန်းတင်သွင်းလွှာတွင်ပါရှိသည့် လုပ်ငန်းတစ်မျိုးချင်းစီ၏ ဈေးနှုန်းအား တွက်ချက်တင်ပြရာတွင် ကုန်သွယ်လုပ်ငန်းခွန် Commercial Tax ၅% (ငါးရာခိုင်နှုန်း) ကို တစ်ပါတည်း တွက်ချက်ပေးရမည်ဖြစ်သည်။

၁၈။ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ပါဝင်မည့် ပစ္စည်းများအား တောင့်တင်းခိုင်မာ၍ ပစ္စည်းထိခိုက်မှုမရှိစေသည့် ပုံစံဖြင့် ထုပ်ပိုးပေးသွင်းရမည်။

၁၉။ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းအားပြီးစီးအောင်ဆောင်ရွက်ရမည်။

၂၀။ တင်ဒါအောင်မြင်သူသည် ရွေးချယ်ခံရပြီးနောက်မှ လုပ်ငန်းဆောင်ရွက်ရန် ငြင်းဆိုလျှင်ဖြစ်စေ၊ရွေးချယ်ကြောင်း အကြောင်းကြားပြီး (၁၀) ရက်မြောက်သည့်တိုင်လာရောက်၍ လုပ်ငန်းစာချုပ်ချုပ်ဆိုခြင်း မရှိလျှင်ဖြစ်စေ၊ ပစ္စည်းပေးသွင်းခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ပေးသွင်းထားသော အာမခံငွေများနှင့် လုပ်ငန်းအာမခံကြေး **(Performance Guarantee)** ကို လူမှုဖူလုံရေးအဖွဲ့ ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ဤရုံး၏ လုပ်ငန်းရှင်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း ခံရမည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးဌာနအားလုံးသို့ စာရင်းပေးပို့ အကြောင်းကြားမည် ဖြစ်ပါသည်။

**တင်ဒါအဆိုပြုဈေးနှုန်းတည်မြဲကာလနှင့် တင်ဒါတည်မြဲကာလ**

၂၁။ ကုမ္ပဏီများမှ တင်သွင်းထားသော ငွေကြေးဆိုင်ရာအဆိုပြုလွှာတွင် ဖော်ပြထားသည့်ဈေးနှုန်းတင်သွင်းလွှာတွင်ပါရှိသည့် လုပ်ငန်းတစ်မျိုးချင်းစီ၏ ဈေးနှုန်းတည်မြဲကာလကို စာချုပ်ချုပ်ဆိုသည့်နေ့မှ **(၁) နှစ်** သတ်မှတ်ပါသည်။ တင်ဒါတည်မြဲကာလအား တင်ဒါတင်သွင်းသည့်နေ့မှစ၍ **(၃) လ** သတ်မှတ်ပါသည်။

**လုပ်ငန်းဆောင်ရွက်ပေးရမည့် တည်နေရာ**

၂၂။ SSB Information System လုပ်ငန်းတတိယအဆင့်ပါ Lot (4) – SSB Call Center ဆောင်ရွက်နိုင်ရန်အတွက် **တင်ဒါလမ်းညွှန်၏ နောက်ဆက်တွဲ(က)** တွင် ဖော်ပြထားသည့် လုပ်ငန်းများ(Deliverable) အား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်နေပြည်တော်) တွင် ဆောင်ရွက်ရပါမည်။

**လုပ်ငန်းဆောင်ရွက်ပေးရမည့် အချိန်ကာလ**

၂၃။ SSB Call Center ဆောင်ရွက်နိုင်ရန် အတွက် **နောက်ဆက်တွဲ(က)** တွင် ဖော်ပြထားသည့် လုပ်ငန်းများ (Deliverable) အားလုံးကို **၁၅-၃-၂၀၂၅ ရက်နေ့** တွင်နောက်ဆုံးအပ်နှံ ဆောင်ရွက်

Social Security Board

ပေးရမည်ဖြစ်ပြီး Maintenance & Operation လုပ်ငန်းများအား လုပ်ငန်းများအပ်နှံပြီးစီး၍ Production Environment တွင် စတင်လည်ပတ်အသုံးပြုသည့် အချိန်မှစ၍ (၁) နှစ်အထိ အာမခံပေးရပါမည်။ Software License and Support အား Activate ပြုလုပ်ပြီးသည့် နေ့ရက်မှ(၃) နှစ်အထိလည်းကောင်း၊ Router/Switch/Hardware များအတွက် တပ်ဆင်အသုံးပြုသည့် အချိန်မှစ၍ Warranty ကာလ (Parts & Services) အား အနည်းဆုံး (၃) နှစ်အထိလည်းကောင်း အာမခံပေးရပါမည်။

**မူပိုင်ခွင့် (Intellectual Property Right)**

၂၄။ SSB Call Center ဆောင်ရွက်ခြင်းနှင့် ဆက်နွယ်သော မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ၊ အချက်အလက်ပိုင်ဆိုင်ခွင့် နှင့် လုပ်ငန်း တစ်ခုလုံး၏ မူပိုင်ခွင့်ပိုင်ဆိုင်မှုများ၊ Program Source Code များ၊ API များ၊ ဖော်ထုတ်သိရှိခဲ့သော၊ ရှာဖွေတွေ့ရှိသော၊ စုဆောင်းသော၊ ဖန်တီးထုတ်လုပ်သော၊ စာရွက်စာတမ်း များ၊ ပုံစံများ၊ ရွေ့ပြေး ပုံစံများ၊ ရုပ်ပုံ၊ ဓါတ်ပုံများ၊ ဇယားကွက်များ၊ ဆော့ဝဲများ၊ စနစ်၏ Super User နှင့် အခြား User များ အားလုံးအတွက် User Name နှင့် Password များနှင့် အခြား ဆက်စပ်သော အချက်အလက်၊ စာရွက် စာတမ်းများ အားလုံးကို လူမှုဖူလုံရေးအဖွဲ့က ပိုင်ဆိုင်မည်ဖြစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပြီးပါက စနစ်တကျ လွှဲပြောင်းပေးအပ်ရမည်။

၂၅။ တင်ဒါယှဉ်ပြိုင်မည့် အဆိုပြုကုမ္ပဏီသည် SSB Call Center ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့် စာပိုဒ် (၂၄) ပါ မူပိုင်ခွင့်အားလုံးအား ကိုယ်ပိုင်နှင့် အခြားလုပ်ငန်းများအတွက် လူမှုဖူလုံရေးအဖွဲ့၏ စာဖြင့်ခွင့်ပြုချက် မရရှိဘဲ မည်သည့်နည်းနှင့်မျှ အသုံးပြုခွင့်/ လွှဲပြောင်းခွင့် မရှိပါ။အချက်အလက် လုံခြုံရေးအတွက် ထုတ်ဖော်ပြောကြားခွင့်မရှိသော သဘောတူညီချက် (Non-Disclosure Agreement) အား ကုမ္ပဏီ၏ဝန်ထမ်းများအားလုံးမှ လက်မှတ်ရေးထိုး ဆောင်ရွက်ရမည့်အပြင် အချက်အလက်လုံခြုံ ရေးကျိုးပေါက်စေနိုင်သည့် မည်သည့်နည်းပညာမျှ (Software, Hardware, Third Party Software /Hardware/ Other) အသုံးပြုထားခြင်း မရှိကြောင်း/ မပါရှိကြောင်းအား တင်ဒါအောင် ကုမ္ပဏီမှ အာမခံပေးရမည်။

**တင်ဒါရွေးချယ်မှုလုပ်ငန်းစဉ်များ**

၂၆။ တဒါရွေးချယ်မှု လုပ်ငန်းစဉ်များအား အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | နေ့ရက်နှင့် အချိန်ကာလ |
|---|---|---|
| (က) | သတင်းစာတွင် ကြော်ငြာခြင်း | ၁-၇-၂၀၂၄ ရက်နေ့နှင့် ၂-၇-၂၀၂၄ ရက်နေ့။ |
| (ခ) | တင်ဒါပုံစံများ စတင်ရောင်းချခြင်း | ၁-၇-၂၀၂၄ ရက်နေ့ (တနင်္လာနေ့) (ရုံးချိန်အတွင်း)။ |
| (ဂ) | တင်ဒါပုံစံများ နောက်ဆုံးရောင်းချခြင်း | ၅-၇-၂၀၂၄ ရက်နေ့ (သောကြာနေ့) (ရုံးချိန်အတွင်း)။ |

Social Security Board

| | | |
|---|---|---|
| (ဃ) | Information Session ပြုလုပ်ခြင်း | ၉-၇-၂၀၂၄ ရက်နေ့(အင်္ဂါနေ့) |
| (င) | တင်ဒါပုံစံများနှင့်**နည်းပညာအဆိုပြုလွှာစာအိတ်(က)** လက်ခံခြင်း | ၂၂-၇-၂၀၂၄ ရက်နေ့ (တနင်္လာနေ့) (ရုံးချိန်အတွင်း) **(ညနေ (၄း၃၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရန်)** ။ |
| (စ) | Presentation ပြုလုပ်ခြင်းနှင့်နည်းပညာဆိုင်ရာစိစစ်ရွေးချယ်ခြင်း။ **(နည်းပညာဆိုင်ရာ ၇၀ % (၃၅ မှတ်) နှင့်အထက် ရရှိမှသာ နည်းပညာအောင် ကုမ္ပဏီအနေဖြင့် ရွေးချယ်ပါမည်။)** | ၂၃-၇-၂၀၂၄ ရက်နေ့ (အင်္ဂါနေ့) မှ ၂၄-၇-၂၀၂၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့) **(ရက်အပြောင်းအလဲရှိပါက ပြန်လည်အကြောင်းကြားပါမည်။)** |
| (ဆ) | **နည်းပညာအောင် ကုမ္ပဏီစာရင်း** ထုတ်ပြန် ကြေငြာခြင်း။ | ၂၆-၇-၂၀၂၄ ရက်နေ့ (သောကြာနေ့) **(ရက်အပြောင်းအလဲရှိပါက ပြန်လည်အကြောင်းကြားပါမည်။)** |
| (ဇ) | **နည်းပညာအောင် ကုမ္ပဏီများမှ ဈေးနှုန်းအဆိုပြုလွှာ စာအိတ်(ခ)** တင်သွင်းခြင်း | ၂၉-၇-၂၀၂၄ ရက်နေ့ (တနင်္လာနေ့) နှင့် ၃၀-၇-၂၀၂၄ ရက်နေ့ (အင်္ဂါနေ့) (ရုံးချိန်အတွင်း) **(ညနေ (၄း၃၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရန်။)** |
| (ဈ) | နည်းပညာအောင်ကုမ္ပဏီများ၏ဈေးနှုန်းအဆိုပြုလွှာများအား ဖွင့်ဖောက်ခြင်း နှင့် တင်ဒါစိစစ်ရွေးချယ်ခြင်း။ | ၃၁-၇-၂၀၂၄ ရက်နေ့(ဗုဒ္ဓဟူးနေ့) **(ရက်အပြောင်းအလဲရှိပါက ပြန်လည်အကြောင်းကြားပါမည်။)** |

၂၇။ တင်ဒါရွေးချယ်ခြင်းနှင့် အပ်နှင်းခြင်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် (၁/၂၀၂၂) တို့နှင့်အညီ တင်ဒါသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**တင်ဒါတင်သွင်းခွင့်ရှိသောကုမ္ပဏီများ**

၂၈။ တင်ဒါတင်သွင်းသောကုမ္ပဏီများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော မြန်မာနိုင်ငံသားပိုင် သက်တမ်းရှိ ကုမ္ပဏီဖြစ်ရမည့်အပြင် နိုင်ငံတော်က သတ်မှတ်ထားသော အခွန်များပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။

**တင်ဒါတင်သွင်းရန်အခြေခံညွှန်ကြားချက်များ**

၂၉။ တင်ဒါတင်သွင်းရာတွင် နည်းပညာဆိုင်ရာနှင့် ဝန်ဆောင်မှုဆိုင်ရာ အဆိုပြုလွှာ၊ ငွေကြေးဆိုင်ရာအဆိုပြုလွှာများကို ရှင်းလင်းတိကျစွာ ထည့်သွင်းဖော်ပြရပါမည်။ တင်ဒါ

Social Security Board

တင်သွင်းမည့် ကုမ္ပဏီများသည် သတ်မှတ်ထားသော တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် အချက်အလက်များကို သိရှိသဘောပေါက် နားလည်ရမည်ဖြစ်ပြီး တိကျစွာလိုက်နာဆောင်ရွက်ရပါမည်။

**တင်ဒါတင်သွင်းမည့်ကုမ္ပဏီ၏အရည်အသွေးသတ်မှတ်ချက်**

၃၀။ တင်ဒါအား ခိုင်မာသောပြည်တွင်း နည်းပညာကုမ္ပဏီသော်လည်းကောင်း၊ ပြည်တွင်းနည်းပညာကုမ္ပဏီအချင်းချင်း ပူးပေါင်း၍သော်လည်းကောင်း၊ ပြည်ပနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နည်းပညာကုမ္ပဏီသော်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

၃၁။ ကုမ္ပဏီများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုမှ အရည်အချင်းမပြည့်မီခြင်းနှင့် နာမည်ပျက်စာရင်းတွင် ကြေငြာခံထားရခြင်း မရှိစေရ။

၃၂။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီ၏ နည်းပညာအရည်အသွေးသတ်မှတ်ချက်များအား တင်ဒါလမ်းညွှန် (TOR) ၏ **"အဆိုပြုလွှာများ၏ အရည်အသွေးကို စစ်ဆေးအကဲဖြတ်ရန် သတ်မှတ်ချက်များ"** တွင် အသေးစိတ်ဖော်ပြထားသည့် အချက်များအရ ရွေးချယ်သွားမည်ဖြစ်ပြီး **အရည်အသွေးပိုင်းအကဲဖြတ်မှုတွင် အနည်းဆုံး ၇၀% (၃၅ မှတ်) ရရှိမှသာ နည်းပညာအောင်ကုမ္ပဏီအနေဖြင့် ရွေးချယ်ခံရမည်ဖြစ်ပြီး ဈေးနှုန်းယှဉ်ပြိုင်မည့် အဆင့်** သို့ရောက်ရှိပါမည်။

**တင်ဒါအနိုင်ရရှိသည့်ကုမ္ပဏီအားထုတ်ပြန်ကြေငြာခြင်း**

၃၃။ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်အနိုင်ရရှိသည့် ကုမ္ပဏီအား ဝန်ကြီးဌာန၏ Website (www.mol.gov.mm) နှင့် လူမှုဖူလုံရေးအဖွဲ့၏ Website(www.ssb.gov.mm) တို့တွင် ကြေငြာပေးသွားမည်ဖြစ်ပြီး ရုံးစာ၊ ဖုန်း၊ e-mail တို့ဖြင့်လည်း ဆက်သွယ်အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။

**ငွေကြေးဆိုင်ရာအဆိုပြုလွှာတင်သွင်းရမည့်ပုံစံ**

၃၄။ တင်ဒါတင်သွင်းရာတွင် လုပ်ငန်းအတွက် ကုန်ကျမည့်ငွေကြေးတန်ဘိုးများအား လုပ်ငန်းလိုအပ်ချက်များအရ ငွေကြေးဆိုင်ရာ အဆိုပြုလွှာတွင် အတိအကျဖော်ပြတင်သွင်းရမည်။ တင်ဒါတင်သွင်းရာတွင် လုပ်ငန်းအတွက်ကုန်ကျမည့် တန်ဘိုးများအားဖော်ပြရာတွင် **တင်ဒါလမ်းညွှန်၏နောက်ဆက်တွဲ(ဈ)** တွင် ဖော်ပြထားသည့် ငွေကြေးအဆိုပြုလွှာအရ လုပ်ငန်းတစ်ခုချင်းအတွက်ကုန်ကျမည့် ငွေကြေးတန်ဘိုးအား ကုန်သွယ်လုပ်ငန်းခွန် (၅%) အပါအဝင် အသေးစိတ်တွက်ချက်၍ စာမျက်နှာတိုင်းတွင် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဋ္ဌ (သို့မဟုတ်) မန်နေးဂျင်းဒါရိုက်တာမှ လက်မှတ်ရေးထိုးပြီး စာအိတ်ဖြင့်ချိတ်ပိတ်၍ တစ်ပါတည်း တင်သွင်းရမည်။

**တင်ဒါတင်သွင်းရာတွင်တင်ပြရမည့်စာရွက်စာတမ်းများ**

၃၅။ ကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းရာတွင် အောက်ပါစာရွက်စာတမ်းများအား ပြည့်စုံစွာတင်သွင်းရပါမည်-

**စာအိတ်(က-၁)**

(က) တင်ဒါအဆိုပြုလွှာ(မူရင်း)

(ခ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)

Social Security Board

(ဂ) တင်ဒါအာမခံငွေပေးသွင်းထားသောငွေသွင်းစာရွက်(မူရင်း)

(ဃ) သက်ဆိုင်ရာအခွန်ဦးစီးဌာနမှ အခွန်ကင်းရှင်းကြောင်း အထောက်အထားများ

(င) ၂၀၂၃-၂၀၂၄ ခုနှစ်၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းဖော်ပြချက် **(Financial Statement)** ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် အိတ်ဖွင့်တင်ဒါတင်သွင်းမည့် ကုမ္ပဏီ၏ ဘဏ်လက်ကျန်ငွေကျပ်၉,၉၀၀,၀၀၀/-(ကျပ်ကိုးဆယ့်ကိုးသိန်းတိတိ)၏ဘဏ်ထောက်ခံချက်ပါရှိရမည်။ ၎င်းဘဏ်ထောက်ခံချက်ကို တင်ဒါလျှောက်လွှာတင်သွင်းသည့်နေ့တွင်တစ်ပါတည်း ထည့်သွင်းရမည်။ ဘဏ်လက်ကျန်ငွေသည် တင်ဒါအောင်မြင်သူအား ကြေညာသည့်အချိန် အထိရှိရမည်။

(စ) ကုမ္ပဏီရုံးစိုက်သည့် လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ e-Mail။

(ဆ) နေပြည်တော်တွင် ရုံးခွဲရှိပါက နေပြည်တော်ရုံးခွဲ လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ e-Mail။

**စာအိတ်(က-၂)**

(က) နည်းပညာဆိုင်ရာအဆိုပြုလွှာ (မူရင်း)

(ခ) နည်းပညာဆိုင်ရာအဆိုပြုလွှာ၊ ဝန်ဆောင်မှုဆိုင်ရာအဆိုပြုလွှာနှင့် သက်ဆိုင်သည့် စာရွက်စာတမ်း Hard Copy များအားလုံးကို Softcopy (PDF) ဖြင့် ပြောင်း၍ ထည့်သွင်းထားသည့် DVD (၁) ချပ်

(ဂ) အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းများတွင် လုပ်ဆောင်ခဲ့သော စီမံကိန်းလုပ်ငန်းများ စာရင်းနှင့် ထောက်ခံချက် (Recommendation Letter)

(ဃ) ကုမ္ပဏီ၏ ဝန်ထမ်းအင်အားစာရင်း (IT ကျွမ်းကျင်သူများအပါအဝင်)

(င) Project တွင် တာဝန်ပေးမည့် ဝန်ထမ်းအင်အားစာရင်း

**စာအိတ်(က-၃)**

(က) တင်ဒါအဆိုပြုလွှာ (မိတ္တူ)

(ခ) နည်းပညာဆိုင်ရာအဆိုပြုလွှာ (မိတ္တူ-၃ စုံ)

**စာအိတ်(ခ)**

(က) ငွေကြေးဆိုင်ရာအဆိုပြုလွှာ (မူရင်း)

(ခ) ငွေကြေးဆိုင်ရာအဆိုပြုလွှာ Softcopy (Excel File) DVD (၁) ချပ်

၃၆။ တင်ဒါခေါ်ယူဆောင်ရွက်မည့် လုပ်ငန်းများ နှင့်ပတ်သက်၍ လုပ်ငန်းခွင်အရောက်လေ့လာလိုပါက (Site Survey) **လူမှုဖူလုံရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်** ထံ လိပ်မူ၍ သွားရောက်လေ့လာလိုသည့် တည်နေရာ (ရုံးချုပ်၊ ရုံးခွဲ၊ ဆေးရုံကြီး၊ ဆေးခန်း၊ အခြား) အား အတိအကျဖော်ပြ၍ **ssbit.tender@ssb.gov.mm နှင့် ssbittender@gmail.com** များသို့ (၂) ရက် ကြိုတင်၍ **၁၆-၇-၂၀၂၄ ရက်နေ့** နောက်ဆုံးထား၍ ပေးပို့တင်ပြခွင့်ပြုချက်တောင်းခံရပါမည်။

Social Security Board

၃၇။ တင်ဒါခေါ်ယူဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ မေးခွန်းများမေးမြန်းခြင်း(Q&A) နှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် **၁၈-၇-၂၀၂၄ ရက်နေ့** နောက်ဆုံးထား၍ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| လိပ်စာ | - | လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အမှတ်-ဌ/၇၇၊<br>ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊<br>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ |
| ဖုန်း | - | ၀၆၇- ၃၄၁၇၈၂၅၊ ၃၄၁၇၈၅၁၊ ၃၄၁၇၈၅၂ |
| ဖက်(စ်) | - | ၀၆၇- ၃၄၁၇၈၂၆ |
| e-Mail | - | ssbit.tender@ssb.gov.mm<br>ssbittender@gmail.com |

တင်ဒါကော်မတီ
အလုပ်သမားဝန်ကြီးဌာန

Social Security Board